# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 13 , 2024 Volume 75, Number 8


၁၃.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၁ US$ |
| မြန်မာ့ရွှေဈေး | = ၃၈၆၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၅၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၉.၉ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၀.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၄.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၇.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၉၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၇၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၀.၆၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၇၅၈ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၅၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့ရှိ စားသုံးသူရေးရာဦးစီးဌာနရုံး၌ စားသုံးသူရေးရာဦးစီးဌာနနှင့်ကုန်သွယ်ရေးဦးစီးဌာန၊ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ တာဝန်ခံ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကုန်သွယ်မှုအခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSMEs) များ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် တရားမဝင်ကုန်သွယ်မှုများ ပပျောက်စေရေးအတွက် လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ် ကတန်ကျွန်းရှိ ပြည့်ဖြိုးထွန်း International Co., Ltd. မှ ခေတ်မီရေခန်းပုဇွန်မွေးမြူနိုင်ရန်အတွက် အမှတ်(၄)၊ ပုဇွန်ကန်မွေးမြူရေးစီမံကိန်းနေရာသို့ရောက်ရှိ၍ စီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူမှ စီမံကိန်းဆိုင်ရာ အချက်အလက်များကို

ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် နိုင်ငံခြားငွေရရှိမှု ပိုမိုတိုးတက်စေရန်၊ ပြည်ပသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရန်အတွက် ပုစွန်များကို ပိုမိုတိုးချဲ့မွေးမြူနိုင်ရေးဆောင်ရွက်ရန်၊ မွေးမြူရာတွင် ခေတ်မီနည်းပညာများကို အသုံးပြု၍ဆောင်ရွက်ရန်နှင့် လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊ ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများတိုးတက်စေရန်နှင့် လူမှုအကျိုးပြုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။ အဆိုပါ စီမံကိန်းဧရိယာမှာ ၄၀၇ ဧကကျယ်ဝန်းပြီး ပုစွန်ကန်ပေါင်း ၇၆ ကန်တွင် တစ်နှစ်လျှင် ပုစွန်တန်ချိန် ၆၀၀၀ ကျော် မွေးမြူ ထုတ်လုပ်နိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည့်ဖြိုးထွန်း ကုမ္ပဏီ၏ ကတ္တလူ ပုဇွန်ကန်များ သွားရောက်ကြည့်ရှုခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြိတ်မြို့၊ စမ်းချောင်းလမ်း၊ ကလွင်ကျေးရွာရှိ ဖိုးလမင်းကုမ္ပဏီ ၏ ရော်ဘာမှိုင်းခံစက်ရုံသို့ရောက်ရှိ၍ လုပ်ငန်းဆောင်ရွက်နေမှုများအား တာဝန်ရှိသူက ရှင်းလင်းတင်ပြပြီး ရော်ဘာများကို မှိုင်းခံ၍ ပြည်ပသို့တင်ပို့ရောင်းချမည့် ကုန်ချောအဆင့်ထိ ဆောင်ရွက်နေမှုအဆင့်ဆင့်ကိုကြည့်ရှု၍ ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့ စနစ်တကျတင်ပို့ရေးဆောင်ရွက်ရန်၊ ဒေသတွင်း တရားမဝင်တင်ပို့မှုမဖြစ်ပေါ်စေရေးအတွက်ဆောင်ရွက်ရန်၊ တင်ပို့နေသည့် တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံအပြင် အခြားနိုင်ငံများသို့ ဈေးကွက်ထိုးဖောက်ရှာဖွေရန်၊ သတ်မှတ် လျာထားချက်ထက် ပိုမိုတင်ပို့နိုင်ရေးဆောင်ရွက်ရန်၊ ပြည်တွင်းထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချနိုင်ရေး နည်းလမ်းရှာဖွေ ဆောင်ရွက်ရန်တို့ကိုမှာကြားသည်။ ဖိုးလမင်းကုမ္ပဏီအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလနှင့်မတ်လတွင် ရော်ဘာတန်ချိန် ၇၀၀၀ တင်ပို့ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် မြိတ်မြို့၊ ကျွဲကူးကျောက်ဖျာ၊ အထူးဆိပ်ကျေးရွာသို့ရောက်ရှိပြီး ဖိုးလမင်း ဆိပ်ခံတံတားတွင် ဖိုးလမင်းကုမ္ပဏီမှ ရော်ဘာကုန်ချောထုတ်ကုန် (Mixtures of Natural Rubber and Synthetic Rubber–SBR) မက်ထရစ်တန် ၁၄၁၁ ဒသမ ၂၀ ကို “MV SMART LINE 003” ကုန်တင်ရေယာဉ်ဖြင့် မလေးရှားနိုင်ငံသို့တင်ပို့ရန် ကုန်တင်နေမှုနှင့် ရော်ဘာသိုလှောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**Source: https://commerce.gov.mm**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ မြိတ်မြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့၊ နယ်စပ်ကုန်သည်များအသင်းရုံးတွင် ဌာနဆိုင်ရာများ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားရာ၌ ကုန်သည် လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်များတင်ပို့ရာတွင် ယခုဒေသသည် ရေထွက်ကုန်ပစ္စည်းများ အဓိကတင်ပို့သည့်ဒေသဖြစ်ပြီး ပင်လယ်မှ ဖမ်းဆီးရမှုအပြင် မွေးမြူထားသောရေထွက်ကုန်များကိုပါ ကုန်ကြမ်း အပြင် ကုန်ချောထုတ်လုပ်တင်ပို့သကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးတွင် အဓိကစိုက်ပျိုးသော ရော်ဘာကိုလည်း အဆင့်မြှင့်တင်ပြီးတင်ပို့ခြင်း၊ သတ္တုတင်ပို့ခြင်းများကို နိုင်ငံတော်၏စီးပွားရေး ဦးတည်ချက်များနှင့်အညီ အလေးထားဆောင်ရွက်ကြရန်၊ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းထွက် ထုတ်ကုန်ပစ္စည်း များကို နိုင်ငံတကာဈေးကွက်တွင် ကောင်းစွာယှဉ်ပြိုင်နိုင်ရန် စံချိန်စံညွှန်းမီ၊ အရည်အသွေးမီကုန်ပစ္စည်းများ ပြုပြင်ထုတ်လုပ် တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဒေသထွက် ရေထွက်ကုန်များအား ပြည်တွင်းစားသုံးမှုနှင့် ပို့ကုန်တင်ပို့မှုတို့ အတွက် အထောက်အကူဖြစ်စေရေး ဒေသရှိအသင်းအဖွဲ့များနှင့် ဈေးကွက်ရှိရာဒေသအလိုက် အသင်းအဖွဲ့များ ပူးပေါင်း ဆောင်ရွက်ရန်၊ ပို့ကုန်ထုတ်လုပ်သည့် စက်ရုံများအားလုံး ကောင်းစွာလည်ပတ်နိုင်ရေးကြိုးပမ်းကြရန်၊ စက်ရုံများထုတ်လုပ်မှု စွမ်းဆောင်ရည်တိုးမြှင့်ရေးဆောင်ရွက်ရန်၊ ကုန်သွယ်မှုသတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီသိရှိအောင် ချိတ်ဆက်

ဆောင်ရွက်ရန်နှင့် အကြံပြုချက်များကို ဆွေးနွေးပေးကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေ့လယ်ပိုင်းတွင် ပထော်ပတက်ကျွန်းရှိ ပြည့်ဖြိုးထွန်းကုမ္ပဏီ၏ ပုစွန်ထုတ်လုပ်သည့် အအေးခန်းစက်ရုံ၊ ငါးအမှုန့်ကြိတ်စက်ရုံ၊ ပထော်ရေလှောင်တမံရှိ ရေပေါ်တွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်ဆောင်ရွက်နေမှုနှင့် ပနားမီးပုစွန်မွေးမြူရေးကန်တို့ကိုကြည့်ရှုပြီး ထူးထူးတိုးကုမ္ပဏီ၏ ငါးအမှုန့်ကြိတ်စက်ရုံနှင့် Texchem Food Myanmar လီမိတက်၏ ရေထွက်ကုန်အအေးခန်းစက်ရုံသို့ သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက ပုစွန်မွေးမြူမှု၊ ကုန်ချောထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့ရန် ထုတ်ပိုးနေမှုများအား ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်ပဈေးကွက်ပိုမိုရရှိရေး၊ ပို့ကုန်များအား လက်ရှိတင်ပို့နေသည့် ကုန်သွယ်ဖက်နိုင်ငံများအပြင် နိုင်ငံတကာသို့ ဈေးကွက်ရှာဖွေရန် ချိတ်ဆက်တင်ပို့နိုင်ရေးဆောင်ရွက်ရန်နှင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့် အရည်အသွေးပြည့်မီစေရေးတို့အား အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: https://commerce.gov.mm**

## ရူပီး-ကျပ် တိုက်ရိုက်ဖလှယ် ပေးချေမှုစတင်ပြီ

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုမှာ ရူပီး-ကျပ် တိုက်ရိုက်ပေးချေမှု စတင်နိုင်ပြီလို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး၊ အိန္ဒိယ-မြန်မာကုန်သည်များအသင်းနဲ့ တွေ့ဆုံရင်း ပြောကြားလိုက်ပါတယ်။

ရူပီး-ကျပ်တိုက်ရိုက်ပေးချေမှုကို အကောင်အထည်ဖော်ရာမှာ နှစ်နိုင်ငံအကြား သံတမန်လမ်းကြောင်းမှတစ်ဆင့် အိန္ဒိယနိုင်ငံသံရုံး၊ အိန္ဒိယနိုင်ငံဗဟိုဘဏ်(RBI) တို့နဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။

အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံရဲ့ အဓိကကုန်သွယ်ဖက်နိုင်ငံတွေမှာပါဝင်ပြီး မြန်မာနိုင်ငံကနေ စတုတ္ထမြောက် ပို့ကုန်အများဆုံးတင်ပို့တဲ့နိုင်ငံ၊ ဆဋ္ဌမမြောက် သွင်းကုန်အများဆုံးတင်သွင်းတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။

အာရှဗဟိုဘဏ်များ စာရင်းရှင်းလင်းရေးအဖွဲ့(အေစီယူ) အဖွဲ့ဝင်နိုင်ငံများအနက် မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံနဲ့ ကုန်သွယ်မှုအများဆုံး ပြုလုပ်ထားပါတယ်။

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် Special Rupee Vostro Account (SRVA) ကို အသုံးပြုပြီး ငွေပေးချေမှုလုပ်ငန်းစဉ်များဆိုင်ရာလမ်းညွှန်ချက် (Guideline) ကို ထုတ်ပြန်ပြီးဖြစ်လို့ ပေးချေမှုများ စတင်နိုင်တာလည်းဖြစ်ပါတယ်။

ရူပီး-ကျပ် တိုက်ရိုက်ဖလှယ်မှုကြောင့် ငွေပေးချေမှုတွေ အားကောင်းလာပြီး တိုင်းပြည်စီးပွားရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်သလို နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်လာစေခြင်းတွေစတဲ့ အကျိုးကျေးဇူးများရရှိစေမှာလို့ ဗဟိုဘဏ်ဥက္ကဋ္ဌက ဆိုထားပါတယ်။

နှစ်နိုင်ငံကုန်သည်တွေအနေနဲ့လည်း ငွေပေးချေမှုနဲ့စာရင်းရှင်းလင်းမှုအတွက် ရူပီးနဲ့လိုင်စင်လျှောက်ထားပြီး ဘဏ်လမ်းကြောင်းကတစ်ဆင့် တရားဝင်အသုံးပြုနိုင်မယ်လို့ ပြောကြားထားပါတယ်။

ရူပီး/ကျပ် ပေးချေမှုအတွက် မြန်မာဘက်က UAB ဘဏ်နဲ့ CB ဘဏ်၊ အိန္ဒိယဘက်က ပန်ဂျပ်အမျိုးသားဘဏ်တို့ကို ဆောင်ရွက်ခွင့်ရသည့်ဘဏ် (Designated Bank) အဖြစ် ရွေးချယ်ထားပါတယ်။

**Source: BETV Business**

## ဓာတ်မြေဩဇာတန်ချိန် ၂ သန်းနှင့် ပိုးသတ်ဆေးတန်ချိန် ၃၅,၀၀၀ ကို ပြည်ပမှ တင်သွင်းမည်

ယူရီးယားမြေဩဇာ ဝယ်ယူဖြည့်တင်းရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လိုအပ်မည့် ဓာတ်မြေဩဇာတန်ချိန် ၂ သန်းနှင့် ပိုးသတ်ဆေးတန်ချိန် ၃၅,၀၀၀ ကို ပြည်ပမှတင်သွင်းပြီး တောင်သူများထံ ဈေးနှုန်းသက်သာစွာဖြင့်ရာသီချိန်အမီဖြန့်ဖြူး ရောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာနှစ်အတွက် ဓာတ်မြေဩဇာတန်ချိန် ၂ သန်းနှင့် ပိုးသတ်ဆေးတန်ချိန် ၃၇,၀၀၀ အတွက် သွင်းကုန်လိုင်စင်ရရှိရေးကို စီစစ်ထောက်ခံပေးထားကြောင်း ကော်မတီမှသိရသည်။

ဆောင်းရာသီ ဆီထွက်သီးနှံစီမံကိန်းမှ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခုမှ စိုက်ဧက ၁ ဒသမ ၂ သိန်းမှာ ယူရီယားဓာတ်မြေဩဇာတန်ချိန် ၄၉၀၀ နှင့် ကွန်ပေါင်းဓါတ်မြေသြဇာတန်ချိန် ၂၁,၀၀၀၊ နွေစပါးစီမံကိန်းမှာ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၆ ခုမှ စိုက်ဧက ၇ ဒသမ ၂ သိန်းမှာ ယူရီယားဓာတ်မြေဩဇာတန်ချိန် ၃၆,၀၀၀ ကျော်နှင့် ကွန်ပေါင်းဓါတ်မြေသြဇာတန်ချိန် ၃၆,၀၀၀ ကျော်ကို သုံးစွဲသွားရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် လာမည့်မိုးစပါးစီမံကိန်းမှာလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရံပုံငွေနှင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုရှိ ၇ ဒသမ ၄ သိန်းကျော်မှာ ယူရီယားဓာတ်မြေသြဇာတန်ချိန် ၃၇၀၀၀ ကျော်နှင့် ကွန်ပေါင်းဓာတ်မြေသြဇာ တန်ချိန် ၃၇,၀၀၀ ကျော်၊ စုစုပေါင်းတန်ချိန် ၇၄,၀၀၀ ကျော် လိုအပ်ကြောင်းခန့်မှန်းထားပြီး ယင်းလိုအပ်ချက်မှာ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရံပုံငွေနှင့်ဆောင်ရွက်သည့် စီမံကိန်းများအတွက်လိုအပ်သည့် သွင်းအားစုများဖြစ်သလို နိုင်ငံ့စီးပွားမြှင့်တင်ရေးရံပုံငွေနှင့် အကြုံးမဝင်သည့်လုပ်ငန်းများအတွက်လည်း တောင်သူများသက်သာစွာ ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် လိုအပ်သည့် သွင်းအားစုလိုအပ်ချက်ကို ရာဘာတင်ပို့ပြီးရရှိသည့် ပို့ကုန်ရငွေများနှင့် အသုံးပြုတင်သွင်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူ အခြားနည်းလမ်းများဖြင့်လည်း တင်သွင်းနိုင်ရေးဆောင်ရွက်နေကြောင်း တောင်သူများသို့ ပြန်လည်ရောင်းချပေးမည့် ရည်ညွှန်းဈေးနှုန်းများကိုလည်း ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ပို့ကုန်သီးနှံ ပဲစင်းငုံကို လာမည့် စိုက်ပျိုးရာသီတွင် တိုးချဲ့စိုက်ပျိုးသင့်

အိန္ဒိယနိုင်ငံ၏ ၂၀၂၅ ခုနှစ် မတ်လအထိ ဖြေလျော့ထားသည့် ပဲတင်သွင်းမှုမူဝါဒကြောင့် မြန်မာနိုင်ငံစိုက်ပျိုးသည့် ပဲစင်းငုံမှာ လာမည့်ပဲသစ်ရာသီထိ အကြုံးဝင်တာကြောင့် တောင်သူများတိုးချဲ့ စိုက်ပျိုးသင့်သော ပို့ကုန်သီးနှံတစ်မျိုး ဖြစ်လာကြောင်း ပို့ကုန်သမားများက သုံးသပ်ထားသည်။

ပြည်တွင်းမှ ပို့ကုန်ပဲများနှင့် ပြောင်းစိုက်ပျိုးမှုမှာ နှစ်စဉ်သီးနှံပေါက်ဈေးနှင့် ဝယ်လိုအားဈေးကွက်ပေါ်မူတည်ပြီး စိုက်ပျိုးကြသလို ရေမြေရာသီဥတုပေါ်မူတည်ပြီး သီးနှံများပြောင်းလဲစိုက်ပျိုးလေ့ရှိသည်။

ယခင်နှစ်များက ပြောင်းသီးနှံ ဈေးကွက်ဈေးကောင်းရရှိကြသလို ပို့ကုန်ကောက်ပဲသီးနှံများလည်း ဈေးကောင်းရရှိခဲ့ရာ ယခုနှစ်တွင် ပြောင်းဈေးကွက်မှာ ကမ္ဘာ့ပြောင်းဈေး အနည်းငယ်ကျဆင်းနေခြင်းဖြစ်သည်။ ပို့ကုန်ပဲများမှာ အိန္ဒိယနိုင်ငံ၏ ပဲဝယ်လိုအားနှင့်ပဲတင်သွင်းမှု မူဝါဒအပြောင်းအလဲကြောင့် ပြည်တွင်းမတ်ပဲနှင့်ပဲစင်းငုံမှာ ပြည်တွင်းစံချိန်ပေါက်ဈေးများအထိ ရောက်ရှိလာခြင်းဖြစ်သည်။

သို့ဖြစ်၍ လာမည့်ပဲသစ်ပေါ်ချိန်ထိ အိန္ဒိယနိုင်ငံ၏ ပဲဝယ်အားနှင့်ပဲဝယ်ချိန်ကို ချိန်ဆစိုက်ပျိုးပါက ပဲစင်းငုံမှာ တောင်သူများ အတွက် အကျိုးအမြတ်သေချာသည့် စိုက်ပျိုးသီးနှံတစ်မျိုးဖြစ်လာနိုင်သည်။

ပဲစင်းငုံမှာ စိုက်ပျိုးကာလ ၆ လခန့်ကြာမြင့်တာကြောင့် တောင်သူများအနေဖြင့် သီးထပ်စိုက်ပျိုးခြင်းများအပြင် စိုက်ပျိုးနိုင်သည့် မြေလွတ်များတွင် တိုးချဲ့စိုက်ပျိုးရန် အကောင်းဆုံးသီးနှံတစ်မျိုးဖြစ်လာသည်။ ပဲစင်းငုံသီးနှံကို တိုးချဲ့စိုက်ပျိုးခြင်း အထွက်နှုန်းကောင်းမွန်အောင် စနစ်တကျစိုက်ပျိုးခြင်းဖြင့် တောင်သူဝင်ငွေတိုး သီးနှံဖြစ်သလို ပို့ကုန်ဝင်ငွေတိုးလာမည့် သီးနှံအမယ်တစ်မျိုးလည်းဖြစ်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ယခုနှစ် ဇန်နဝါရီလအတွင်း စတင်ထွက်ပေါ်တဲ့ စတော်ဘယ်ရီ(ထိုင်ဝမ်+ဂျပန်) အကြွပ်သီးဈေး ယခင်နှစ်ထက် ဈေးပိုရနေ




ယခုနှစ် ဇန်နဝါရီလအတွင်းစတင်ထွက်ပေါ်လာတဲ့ စတော်ဘယ်ရီ (ထိုင်ဝမ်+ဂျပန်) အကြွပ်သီးဈေးဟာ ယခင်နှစ်ထက် ဈေးပိုရနေတယ်လို့ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့(မန္တလေး)မှ သိရှိရပါတယ်။

စတော်ဘယ်ရီ(ထိုင်ဝမ်+ဂျပန်) အကြွပ်သီးအဖွင့်ဈေးနှုန်းအနေဖြင့် ယခုနှစ် ဇန်နဝါရီလအတွင်း (၁)ပိဿာလျှင် (၁၀,၀၀၀) ကျပ်နှင့် စတင်ခဲ့ပြီး ယခင်နှစ်က စတော်ဘယ်ရီ (၁)ပိဿာလျှင် (၉၀၀၀)ကျပ်ဈေးနှုန်းဖြစ်၍ (၁၀၀၀) ကျပ် ပိုမိုဈေးနှုန်းရရှိနေကာ ထိုင်ဝမ်အချိုသီးကတော့ ယခင်နှစ်တွင် (၁၂,၀၀၀) ကျပ်ရှိပြီး ယခုနှစ်တွင် (၁၃,၀၀၀)ကျပ် ဈေးနှုန်းရှိသလို ဒေသသီးနှင့်အခြားမျိုးများ ထွက်ပေါ်မှုမရှိသေး၍ ဈေးကွက်ဖွင့်လှစ်မှု မရှိသေးကြောင်းလည်း ကုန်သည်များထံက သိရှိရပါတယ်။

စတော်ဘယ်ရီထွက်ပေါ်ချိန် (၅)လတာကာလအတွင်း သီးနှံလှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းတတ်ပြီး ယခင်နှစ်ဈေးနှုန်းအနေဖြင့် (၁)ပိဿာလျှင် (၈၀၀၀-၇၀၀၀-၅၅၀၀) ကျပ်အထိ ကျဆင်းခဲ့သလို ဝယ်လိုအားထက် ရောင်းလိုအားများသောကြောင့် သီးနှံလှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းခြင်းဖြစ်ကြောင်းလည်း တောင်သူများနှင့် ကုန်သည်များထံမှ သိရှိရပါတယ်။

စတော်ဘယ်ရီကို စတင်ထွက်ပေါ်ချိန်မှ သီးနှံရိတ်သိမ်းပြီးချိန်အထိ ပြင်ဦးလွင်မှတစ်ဆင့် တိုင်းဒေသကြီးများ၏ မြို့ကြီးများသို့ တင်ပို့ရောင်းချကြလို့ စိုက်ပျိုးတောင်သူများနှင့် ကုန်သည် ၊ပွဲစားများအတွက် ဝင်ငွေကောင်းသော သီးနှံတစ်မျိုးဖြစ်ကာ နှစ်စဉ်ပြင်ဦးလွင်မြို့ရဲ့ အဓိကထားပြီးစိုက်ပျိုးကြတဲ့ သီးနှံတစ်မျိုးဖြစ်တယ်လို့လည်း သိရှိရပါတယ်။

ဈေးကွက်အနေဖြင့် ပြည်ပတင်ပို့နိုင်မှုမရှိသေးသော်လည်း ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးလျက်ရှိကာ အသီးအစိမ်းအနေဖြင့်သော်လည်းကောင်း၊ ယိုစုံ၊ Jum၊ ဝိုင် စသဖြင့် စားသောက်ကုန်များထုတ်လုပ်၍သော်လည်းကောင်း ပြည်တွင်းရှိ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့်မြို့များသို့ တင်ပို့ရောင်းချလျက်ရှိတယ်လို့ သိရှိရပါတယ်။

ပြင်ဦးလွင်မြို့နယ်တွင် စတော်ဘယ်ရီသီးနှံကို စက်တင်ဘာနှင့်အောက်တိုဘာလများတွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီမှ မေလအထိ ခူးဆွတ်ရိတ်သိမ်းကြောင်း၊ စိုက်ဧက(၂၃၅)ဧကစိုက်ပျိုးပြီး (၁)ဧကအထွက်နှုန်းအနေဖြင့် (၉၆၈ ဒသမ ၁၉)ပိဿာ ထွက်ရှိကာ (၁)ဧက ကုန်ကျစရိတ်အနေဖြင့်(၄၅)သိန်းကုန်ကျကြောင်းလည်းစိုက်ပျိုးသူများထံကသိရှိရပါတယ်။

**Myanmar Future News မှ ကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## STOCK EXCHANGE (13.2.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,064 (Shares) | 27,078,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 558 | 4,854,600 | 33,109,694 | 288,054 |
| MTSH | 00002 | 2,950 | +100 | +3.51% | 2,950 | 2,950 | 2,850 | 358 | 1,020,700 | 38,929,150 | 114,841 |
| MCB | 00003 | 7,700 | -200 | -2.53% | 6,900 | 7,700 | 6,900 | 726 | 5,131,600 | 10,400,986 | 80,088 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,500 | 1,550 | 1,500 | 667 | 1,027,250 | 29,664,613 | 45,980 |
| TMH | 00005 | 2,400 | -100 | -4.00% | 2,500 | 2,500 | 2,400 | 13 | 31,500 | 12,823,224 | 30,776 |
| EFR | 00006 | 1,850 | -50 | -2.63% | 1,900 | 1,900 | 1,800 | 72 | 130,800 | 19,977,223 | 36,958 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |
| MAEX | 00008 | 1,700 | +0 | +0.00% | 1,750 | 1,750 | 1,700 | 8,670 | 14,882,500 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 13th Feb. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.52 | -0.25 | -0.07% | 366.68 | 366.83 | 359.36 | 11,064 | 27,078,950 | 8 | 687,554 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 13th Feb. 2024

| Trading Volume | Trading Value |
|---|---|
| 11,064 (Shares) | 27,078,950 (MMK) |

## Main Board

As of 1:00 pm, 13th Feb. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,064 (Shares) | 27,078,950 (MMK) |

| MYANPIX | 364.52 ▼ 0.25 |
|---|---|
| Total Volume (shares) | 11,064 |
| Total Value (MMK) | 27 mil |
| Listed Company | 8 |
| Market Cap. (MMK) | 687,554 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 100 |
| MCB | 00003 | 7,700 | ▼ 200 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,400 | ▼ 100 |
| EFR | 00006 | 1,850 | ▼ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,700 | ▲ 0 |